# မြစ်ဝကျွန်းပေါ် စီမံကိန်း ၃ (၂၀၁၅ - ၂၀၁၈)


ခန့်မှန်းလျာထား ဘတ်ဂျက် အမေရိကန် ဒေါ်လာ ၂၂ သန်း

\+

ကန်ဒေါ်လာ ၈ သန်း (ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း)



စီမံကိန်းအနေဖြင့် ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့နယ်များရှိ ပြည်သူများ ဝင်ငွေ တိုးရေး၊ ကြံ့ကြံ့ခံနိုင်ရေး၊ အာဟာရပြည့်ဝရေး နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ပါးရေး မူဝါဒများ မြှင့်တင်ရေးတို့ကို ဆောင်ရွက်ရန် ဦးတည်ထားပါသည်။ LIFT ၏ ငွေရေးကြေးရေးဝန်ဆောင်မှုမိတ်ဖက်အဖွဲ့များမှလည်း မြစ်ဝကျွန်းပေါ် ဒေသတွင် စီမံချက်များ ဆောင်ရွက်နေပြီး တစ်ပေါင်းတစ်စည်းတည်း ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းစေမည့် အခွင့်အလမ်းများ ဖော်ဆောင်လျက်ရှိသည်။




## မျှော်မှန်းချက် နှင့် ဆောင်ရွက်ပုံ

တတိယအဆင့်သို့ ရောက်ရှိပြီဖြစ်သည်နှင့် လျော်ညီစွာ LIFTသည် မြစ်ဝကျွန်းပေါ်စီမံကိန်းကို ရရှိခဲ့သော နည်းနာကောင်းများနှင့် သင်ခန်းစာကောင်းများအပေါ် အခြေခံ ရေးဆွဲထားသည်။ စီမံချက်များအနေဖြင့် လုပ်ကွက်ငယ် စပါးစိုက်ပျိုးမှုများကို အဆင့်မြှင့်တင်ပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်းကို တိုးမြှင့်ဆောင်ရွက်ရန် နှင့် မြေမဲ့ယာမဲ့ အိမ်ထောင်စုများကို ပံ့ပိုးရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်မည် ဖြစ်သည်။

- ဆန်စပါး တန်ဖိုးကွင်းဆက်တွင် တောင်သူများ၏ အခန်းကဏ္ဍ အားကောင်းလာရေး၊
- အရည်အသွေးမြင့် သွင်းအားစုများနှင့် နည်းပညာသစ်များကို ပိုမိုလက်လှမ်းမီလာရေး၊
- ရွှေ့ပြောင်းသွားလာမှုများအတွက် ပံ့ပိုးပေးခြင်း၊ သက်မွေးမှုသင်တန်းများပေးခြင်း၊ လယ်ယာပြင်ပ ဝင်ငွေတိုး လုပ်ငန်းများ ပံ့ပိုးခြင်းဖြင့် စီးပွားရေးအခွင့်လမ်းသစ်များ တိုးမြှင့်ရရှိရေး၊
- လူမှုကာကွယ်စောင့်ရှောက်ရေး၊ အာဟာရပြည့်ဝရေး၊ ကြွေးမြီများ လျော့ပါးရေး နှင့် ရာသီဥတုအပြောင်းအလဲနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဆောင်ရွက်ချက်များဖြင့် ထိခိုက်လွယ်မှုအခြေအနေများကို ကိုင်တွယ်ဖြေရှင်းရေး
- ဆင်းရဲနွမ်းပါးမှု လျော့ပါးရေး မူဝါဒများအတွက် ပံ့ပိုးကူညီရေး နှင့် ပတ်သက်ဆက်နွယ်သူများအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ရေး

## မျှော်မှန်းထားသည့် အကျိုးရလဒ်များ

၁။ တောင်သူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု ရောင်းအားမှ ဝင်ငွေတိုးရေး

၂။ မြေမဲ့ယာမဲ့နှင့် ထိခိုက်လွယ်သော အိမ်ထောင်စုများအနေဖြင့် လယ်ယာပြင်ပ အလုပ်အကိုင်များ နှင့် စီးပွားရေးအခွင့်အလမ်းအမျိုးမျိုးမှ ဝင်ငွေရရှိမှု တိုးမြင့်လာရေး

၃။ ကျေးလက်နေအိမ်ထောင်စုများအနေဖြင့် အာဟာရပြည့်ဝမှုမှ အကျိုး ကျေးဇူးများရရှိပြီး ကလေးငယ်များတွင် ဖြစ်ပွားသည့် ပုညက်မှုကို လျှော့ချရေး

၄။ ကျေးလက်နေအိမ်ထောင်စုများအနေဖြင့် အခက်အခဲ အဟန့်အတားများ အပေါ် ခံနိုင်ရည်နည်းမှုများ လျော့ပါးရေး

၅။ နိုင်ငံတော်အစိုးရ၏ မူဝါဒကောင်းများ နှင့်အတူ ဆင်းရဲနွမ်းပါးမှု လျော့ပါးရေး ပြည်သူ့အသုံးစရိတ်များသုံးစွဲပြီး နွမ်းပါးသူများအတွက် အသက်မွေးမှု အခွင့်အလမ်းများ တိုးရေးနှင့် ကျေးလက်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖော်ဆောင်ရေး

# မြစ်ဝကျွန်းပေါ် စီမံကိန်း



| အဖွဲ့အစည်းအမည် | စီမံချက်အမည် | အဓိကလုပ်ငန်းများ | နေရာ | ကာလ |
|---|---|---|---|---|
| International Organization for Migration (IOM) | ရွှေ့ပြောင်းသွားလာမှုကို အသက်မွေးမှု မဟာဗျူဟာ အဖြစ် မြစ်ဝကျွန်းပေါ်ဒေသတွင် အသုံးပြုခြင်း (MILDAS) | ရွှေ့ပြောင်းသွားလာမှု နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ သုတေသန၊ ရွှေ့ပြောင်းသွားလာမည့်သူများ ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းနိုင်ရေးကို ထောက်ပံ့ခြင်း၊ ရွှေ့ပြောင်းသွားလာမှုမှ အကျိုးအများဆုံး ဖြစ်ထွန်းစေရန် သက်ဆိုင်ရာအိမ်ထောင်စုများသို့ ထောက်ပံ့ခြင်း | ဘိုကလေး၊ မော်လမြိုင်ကျွန်း နှင့် လပွတ္တာမြို့နယ်များ | ၁၅ ဒီဇင်ဘာ ၂၀၁၅ မှ ၃၁ ဩဂုတ် ၂၀၁၈ အထိ |
| Link Emergency Aid and Development | လယ်မဲ့မြေမဲ့ တောင်သူတို့၏ အသက်မွေးမှုနှင့် ရိက္ခာဖူလုံမှုကို ထောက်ပံ့ခြင်း | အဓိကအားဖြင့် ကျေးလက်ဒေသ လယ်ယာပြင်ပ စီးပွားရေးမှ ဝင်ငွေအမျိုးမျိုးရရှိစေရန် ထောက်ပံ့ခြင်းဖြင့် လယ်မဲ့မြေမဲ့တို့၏ သက်မွေးမှုကို အားဖြည့်ပေးခြင်း | ပြင်စလူ မြို့နယ်ခွဲ | ၆ ဧပြီ ၂၀၁၆ မှ ၃၁ မတ် ၂၀၁၉ အထိ |
| Mercy Corps/ Swisscontact/ Ar Yone Oo | လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း ကျွမ်းကျင်မှု အလုပ်အကိုင်တို့ဖြင့် ဝင်ငွေတိုးစေခြင်း | သွင်းအားစုပေးသွင်းခြင်း၊ ဝန်ဆောင်မှုတိုးချဲ့ခြင်း၊ စက်ကိရိယာငှားရမ်းခြင်း နှင့် ငှားဝယ်စနစ်ဖြင့် ရောင်းခြင်း၊ ချေးငွေလက်လှမ်းမီစေခြင်း၊ စက်ပိုင်များ နှင့် အကျိုးတူလယ်ယာ ဆောင်ရွက်ခြင်း အပါအဝင် ဝန်ဆောင်မှုပေးသော လုပ်ငန်းများအတွက် တောင်သူ ထုတ်လုပ်သူများကို ထောက်ပံ့ခြင်း၊ မြေမဲ့ယာမဲ့ အိမ်ထောင်စုများကို သက်မွေးမှု၊ စီးပွားရေး၊ နှင့် လူမှုဆက်ဆံရေး ကောင်းမွန်ရေး၊ ရွှေ့ပြောင်း သွားလာမှု ဆိုင်ရာ အချက်အလက်များ နှင့် ရန်ကုန်ရှိ လုပ်ငန်းရှင်များ နှင့် ချိတ်ဆက်ပေးခြင်းတို့ဖြင့် ထောက်ပံ့ခြင်း။ | လပွတ္တာမြို့နယ် | ၁ အောက်တိုဘာ ၂၀၁၅ မှ ၃၀ စက်တင်ဘာ ၂၀၁၈ အထိ |
| Metta Development Foundation | အားလုံးပါဝင်စေသော တိုးတက်ထွန်းကားမှုနှင့် ရေရှည်ခံသော ဖွံ့ဖြိုးမှုအတွက် တောင်သူများ စီမံခန့်ခွဲသော စီမံချက်များကို ဖြစ်ထွန်းစေခြင်း | လယ်ယာအကြံပေးဝန်ဆောင်မှု၊ ရိတ်သိမ်းချိန်လွန် နည်းပညာ နှင့် စုပေါင်းသိုလှောင်မှု၊ တောင်သူအဖွဲ့အစည်းတို့ဖြင့် စပါးအထွက် အရည်အသွေး တန်ဖိုးတို့ကို တိုးတက်စေခြင်း။ | ဘိုကလေး၊ မော်လမြိုင်ကျွန်း နှင့် လပွတ္တာမြို့နယ်များ | ၇ ဧပြီ ၂၀၁၆ မှ ၃၁ မတ် ၂၀၁၉ အထိ |
| Radanar Ayar | ဘက်စုံစိုက်ပျိုး - စီးပွားလုပ်ငန်း နှင့် ကျေးလက်ဖွံ့ဖြိုးရေး | ဒေသတွင်း မျိုးစေ့ထုတ်လုပ်သူများ၊ ရိတ်သိမ်းချိန်လွန် တိုးတက်ကောင်းမွန်မှု၊ တောင်သူ ဦးဆောင်သော လုပ်ငန်းတိုးချဲ့မှု၊ စုပေါင်းရောင်းချမှု၊ ပုဂ္ဂလိကနှင့် အကျိုးတူ လယ်ယာစိုက်ပျိုးမှု တို့ကို ထောက်ပံ့ခြင်း | မော်လမြိုင်ကျွန်း နှင့် လပွတ္တာမြို့နယ်များ | ၆ ဧပြီ ၂၀၁၆ မှ ၂၈ ဖေဖော်ဝါရီ ၂၀၁၉ အထိ |
| Save the Children | ကြံ့ကြံ့ခံမှု၊ အာဟာရ ပြည့်ဝရေး စုပေါင်းဆောင်ရွက်မှု တို့ကို တည်ဆောက်ခြင်း | (သန္ဓေသားဘဝမှစ၍ ကလေး၏ နှစ်နှစ်ပြောက်မွေးနေ့ အထိ) ရက်၁၀၀၀ အတွင်းရှိ မိခင်နှင့်ကလေးများကို ငွေကြေးပံ့ပိုးခြင်း နှင့် အမူအကျင့်ဆိုင်ရာ ပြောင်းလဲမှု အတွက် ဆက်သွယ်ဆောင်ရွက်ခြင်း | လပွတ္တာမြို့နယ် | ၁ ဒီဇင်ဘာ ၂၀၁၅ မှ ၃၁ ဒီဇင်ဘာ ၂၀၁၈ အထိ |
| Welthungerhilfe/GRET | ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် မြစ်ဝကျွန်းပေါ် ကျေးလက်ဒေသအား အလေးထားခြင်း။ | တောင်သူ ထုတ်လုပ်သူ အုပ်စုများကို ထောက်ပံ့ခြင်း၊ မြေမဲ့ယာမဲ့နှင့် ထိခိုက်လွယ် အိမ်ထောင်စုများ၊ လုပ်ကွက်ငယ် တောင်သူများကို ဒေသတွင်း လယ်ယာပြင်ပ သက်မွေးမှုလုပ်ငန်းများအတွက် ထောက်ပံ့ခြင်း၊ အာဟာရကောင်းမွန်မှု နှင့် အခြေခံတကိုယ်ရည် သန့်ရှင်းမှု အလေ့အကျင့်တို့ကို ဖြစ်ထွန်းစေခြင်း | ဘိုကလေး၊ မော်လမြိုင်ကျွန်းမြို့နယ် | ၁ အောက်တိုဘာ ၂၀၁၅ မှ ၃၀ စက်တင်ဘာ ၂၀၁၈ အထိ |
| World Fish/NAG GRET, PACT နှင့် ငါးလုပ်ငန်းဦးစီးဌာန | အသေးစားငါးမွေးမြူရေးလုပ်ငန်း ရေရှည် ဖြစ်ထွန်းစေခြင်း | လုပ်ကွက်ငယ်တောင်သူများကို လယ်ယာလုပ်ငန်းခွင် သုတေသနပြုစေခြင်း၊ အိမ်ထောင်စု အခြေပြု အသေးစား ငါးမွေးမြူရေး (ကန်၊ လျှောင်အိမ်၊ လယ်ကွင်း) လုပ်ငန်းများကို တိုးချဲ့ခြင်း | ဧရာဝတီ နှင့် အပူပိုင်းဇုန်ဒေသ | ၁၅ စက်တင်ဘာ ၂၀၁၅ မှ ၃၁ ဒီဇင်ဘာ ၂၀၁၈ အထိ |
| World Vision International- Myanmar | ဘိုကလေးတွင် အသက်မွေးဝမ်းကျောင်းမှုများကို ဖြစ်ထွန်းစေခြင်း | ဈေးကွက်၊ လုပ်အား၊ တန်ဖိုးကွင်းဆက်ဆိုင်ရာ သုံးသပ်ချက်တို့ မှရသော အချက်အလက်များအရ သက်မွေးမှု နည်းလမ်းအမျိုးမျိုး ဖြစ်ထွန်းစေရန် မြေမဲ့ယာမဲ့နှင့် ထိခိုက်လွယ်သောအိမ်ထောင်စုများကို ထောက်ပံ့ခြင်း၊ ငွေစု/ချေးမှုများကို လက်လှမ်းမီစေခြင်း၊ အာဟာရနှင့် တကိုယ်ရည် သန့်ရှင်းမှု ဆိုင်ရာ အလေ့အကျင့်များကို ပြောင်းလဲပေးမည့် ကျန်းမာရေးကဏ္ဍလက်တွဲဆောင်ရွက်သူများကို ထောက်ပံ့ခြင်း၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှု စီမံချက်အပါအဝင် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက်များကို ထောက်ပံ့ခြင်း | ဘိုကလေးမြို့နယ် | ၈ စက်တင်ဘာ ၂၀၁၅ မှ ၃၁ ဒီဇင်ဘာ ၂၀၁၈ အထိ |

Livelihoods and Food Security Trust Fund

From the private sector, the Mitsubishi Corporation is a donor.

UNOPS ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး
၁၂(အို)၊ ပြည်သူ့လမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်
ဖုန်းနံပါတ် - ၉၅ ၇၂ ၈၀၈၀၇၊ ဖက်စ် - ၉၅ ၇၂ ၇၉၉၊ အီးမေးလ်- lift@unops.org
lift-fund.org | facebook.com/liftfund| twitter.com/liftfund

UNOPS မှ စီမံခန့်ခွဲသည်